NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

Project No: H814-MM and IDA Credit no: 56870

# လူထုဗဟိုပြုစီမံကိန်း

# စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
# ၂၀၁၇ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး**
**အဖွဲ့အစည်းတို့၏ ဘဏ္ဍာရေးပဋိညာဉ် အခန်း (၂ - က) အရ အစီရင်ခံတင်ပြထားသည်။**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**
**လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအုပ်ချုပ်ရေးရုံးမှ ပြုစုတင်ပြပါသည်။**

(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

# List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTDP | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ


စီမံခန့်ခွဲမှု အကျဉ်းချုပ်တင်ပြချက် ........ i

အဓိကအစီရင်ခံတင်ပြမှု ........ 1

1 စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ........ 1

1.1 လုပ်ငန်းတိုးတက်မှုဖြစ်စဉ် ........ 1

1.2 ကဏ္ဍအလိုက်ဖြန့်ဖြူးမှု ........ 1

1.3 ချေးငွေထုတ်ချေးပေးမှု ........ 2

1.4 လူမှုဆိုင်ရာအကာအကွယ်ရယူမှု ........ 2

1.5 တင်ပြခဲ့သည့်ကိစ္စရပ်များနှင့် လိုအပ်သည့်ပံ့ပိုးမှုများ ........ 2

2 တတ်သိကျွမ်းကျင်မှုနှင့် သင်ယူလေ့လာမှု ........ 5

3 ဝယ်ယူရေး ........ 6

4 ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု ........ 8

5 ဘဏ္ဍာရေး ........ 13

6 သင်တန်းပို့ချခြင်း ........ 15

7 ကျား၊မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ ........ 15

8 စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း ........ 18

9 စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း ........ 19

## စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၀-၉-၂၀၁၇) အထိ ကဏ္ဍအလိုက်ခွဲဝေမှု ပြဇယား

ဇယား ၂: စီမံကိန်းမြို့နယ် (၂၇) မြို့နယ်၏ (၃၀/၉/၂၀၁၇) အထိစတုတ္ထနှစ်စီမံကိန်းစက်ဝန်း ဆောင်ရွက်မှု

ဇယား ၃: စီမံကိန်းမြို့နယ်အသစ် (၂၀) မြို့နယ်၏ (၃၀/၉/၂၀၁၇) အထိစတုတ္ထနှစ်စီမံကိန်းစက်ဝန်း ဆောင်ရွက်မှု

ဇယား ၄: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ

ဇယား ၅: Key PP7 packages များအားဝယ်ယူမှုအခြေအနေ

ဇယား ၆: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်းလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြား စာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏အခြေအနေတင်ပြမှု

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစားအလိုက် ခွဲခြားတင်ပြမှု

ဇယား ၈: ၂၀၁၇ ခုနှစ်၊ တတိယသုံးလပတ်အတွက် IFR : စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အပိုင်းအလိုက်ခွဲခြားထားသည့် ရံပုံငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုများ

ဇယား ၉: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ ဖွဲ့စည်းမှုများ ၏ အခြေအနေ

ဇယား ၁၀:စီမံကိန်းမြို့နယ် (၉) မြို့နယ်တွင် (၃၀/၉/၂၀၁၇)၊ TTA Contracts မပါဘဲ ဝန်ထမ်းများ ဖွဲ့စည်း၊ ခန့်ထားမှု အခြေအနေများ

ဇယား ၁ : ၂၀၁၇/၁၈ ခုနှစ်၊ ပဥ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များ

# နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁: Union အဆင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ကြသူများစုဝေး၍ စီမံကိန်းလုပ်ငန်း စဉ်များအား ပြန်လည်စစ်ဆေး သုံးသပ်ခြင်းအစီရင်ခံစာ

နောက်ဆက်တွဲ ၂: စီမံကိန်းမြို့နယ် (၄၇) မြို့နယ်မှ တင်ပြလာသည့် အကြောင်းအရာ/ အခက်အခဲများနှင့် ပံ့ပိုးပေးရမည့် လိုအပ်ချက်များ ၃၀/၉/၂၀၁၇၊

နောက်ဆက်တွဲ ၃: စီမံကိန်းမြို့နယ် (၄၇) မြို့နယ်တွင် လိုက်နာကျင့်သုံးလျက်ရှိသော အကာ အကွယ်များအကျဉ်းချုပ် ၃၀/၉/၂၀၁၇၊

နောက်ဆက်တွဲ ၄: UDRD နည်းပညာဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုနှင့် စီမံကိန်းမြို့နယ်များ အားပံ့ပိုးပေးခြင်းများ

နောက်ဆက်တွဲ ၅: သုံးလအတွင်းအကြံပြုတိုင်ကြားချက်များမှ အဓိကအရေးကြီးသော အကြောင်းအရာများအား စစ်ဆေးသုံးသပ်မှုများ

နောက်ဆက်တွဲ ၆: NCDDP အုပ်ချုပ်မှုရုံးဝန်ထမ်းများ ဖွဲ့စည်းခန့်ထားမှု အခြေအနေ (၃၀/၉/၂၀၁၇)

နောက်ဆက်တွဲ ၇: စီမံကိန်းမြို့နယ် (၄၇) မြို့နယ်တွင် ဝန်ထမ်းများဖွဲ့စည်းခန့်ထားမှု (၃၀/၉/၂၀၁၇)

# စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

## စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုကာလအပြီးတွင် ကျေးရွာအုပ်စုပေါင်း (၂၀၂၂) စုရှိ ကျေးရွာပေါင်း (၈၅၆၄) ရွာတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုမှ ဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ်အားဖြင့် ဖော်ပြထားပါသည်။

(က) VDP(၈,၂၃၇) သတ်မှတ်ချက်ထက်ကျော်လွန်၍(၁၀၀%) ပြီးစီးခဲ့သည်။

(ခ) TPIC , SP (၇,၆၈၅) ခု၊ သတ်မှတ်ချက်ဖြစ်သည့် (၇,၆၈၈) ၏ (၉၉%) အား အတည်ပြု နိုင်ခဲ့၍ သတ်မှတ်ချက်ထက်ကျော်လွန်ပြီးစီးခဲ့သည်။

(ဂ) စီမံကိန်း၏ (၉၀%) ဖြစ်သည့် SP(၇,၆၅၃) ခုဆောင်ရွက်ပြီးစီးခဲ့သည်။

(ဃ) တည်ဆောက်ရေး SP ( ၆,၉၉၅) ခု ဆောင်ရွက်ပြီးစီး: စုစုပေါင်း (၉၁%)

( င) SP ( ၆,၆၅၁) အားအပြီးသတ်စစ်ဆေးဆောင်ရွက်ပြီးစီးခဲ့ပါသည်။ (၈၆%)

( စ) လူမှုဆိုင်ရာစစ်ဆေးခြင်း (၆,၆၉၃) ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ (၈၇%)

**NCDDP စတုတ္ထနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၀/၉/၁၇)**

| စီမံကိန်းဆောင်ရွက်မှုတွင်အရေးပါသော ဖြစ်ရပ် (အရေအတွက်) ပထမနှစ် | (၂၀၁၃/၁၄ )ဒုတိယနှစ် | (၂၀၁၄/၁၅) တတိယနှစ် | (၂၀၁၄/၁၅) စတုတ္ထနှစ် | စတုတၳႏွစ္ (၂၀၁၆/၁၇) | |
|---|---|---|---|---|---|
| | | | | # | ပြီးစီးမှု% |
| စီမံကိန်းမြို့နယ်များ၏ # | ၃ | ၉ | ၂၇ | ၄၇ | |
| ကျေးရွာအုပ်စုများ၏ # | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | |
| ကျေးရွာများ၏ # | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | |
| ချေးငွေလွှဲပြောင်းခြင်း | | | | | |
| ကျေးရွာအုပ်စုများ၏ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၁၀၀.၀% |
| ကျေးရွာအုပ်စုများ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၁၀၀.၀% |
| မြန်မာကျပ်ငွေ (သန်းထောင်ပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇,၃၇၆ | ၉၉.၀% |
| VDP ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၀ | ၈,၂၃၇ | ၁၀၀.၀% |
| TPIC အတည်ပြုချက်ရရှိမှု | ၃၆၄ | ၁,၈၃၇ | ၄,၇၆၂ | ၇,၆၈၅ | ၁၀၀.၀% |
| အသေးစိတ် စီမံချက်ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၈၁၅ | ၄,၇၃၅ | ၇,၆၅၃ | ၉၉.၆% |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | |
| ၀% | | | ၀ | ၁၁၄ | |
| ၁-၅၀% | | | | ၂၁၅ | |

| | | | | | |
|---|---|---|---|---|---|
| ၅၁-၇၅% | | | | ၁၂၂ | |
| ၇၆-၉၀% | | | | ၂၄၂ | |
| ၁၀၀% | ၃၅၇ | ၁,၈၁၂ | ၄,၇၃၁ | ၆,၉၉၅ | ၉၁.၀% |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁,၈၁၂ | ၄,၇၂၄ | ၆,၆၅၁ | ၈၆.၀% |
| Social Audits ပြီးစီးမှု | ၁၅၀ | ၁,၆၀၅ | ၄,၆၉၄ | ၆,၆၉၃ | ၈၇.၁% |
| မြို့နယ်အဆင့် MSRs ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၆ | ၉၇.၀% |
| Union အဆင့် MSRs ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁၀၀% |

၂။ ဇွန်လကုန်တွင် (၂၁%) သာပြီးစီးသေးသော စီမံကိန်းမြို့နယ် (၂၀) ရှိဆောက်လုပ်ရေး လုပ်ငန်းများမှာ စက်တင်ဘာ လကုန်တွင် ၈၇% အထိပြီးစီးမည်ဖြစ်သည်။ မတူပီနှင့် ဆီဆိုင်မြို့နယ်များ၏ ပြီးစီးမှုနှုန်းထားများ ဖြစ်ကြသည့် (၄၁%) နှင့် (၂၆%) တို့မှာ ဆောင်ရွက်မှုအနှေးကွေးဆုံးသောနှုန်းထားများဖြစ်ကြသည်။, စီမံကိန်းမြို့နယ်အသစ်(၂၀) မှ ကျန်ရှိနေသေးသောမြို့နယ် (၁၈) မြို့နယ်တွင် ယေဘုယျအားဖြင့် မိုးရွာခြင်း၊ ရေကြီးခြင်းတို့မှာ ယခင်နှစ်ကထက် သိသိသာသာပိုမိုနည်းပါးသောကြောင့် ဆောက်လုပ်ရေးစီမံကိန်းတို့အား ရပ်ဆိုင်းထားရခြင်း သိသာစွာလျော့နည်း သွားပါသည်။

၃။ လုပ်ငန်းကဏ္ဍအလိုက် ဖြန့်ဖြူးမှုများ (ဇယား - ၁) : ဆက်လက်တိုးချဲ့ ဆောင်ရွက် လျက်ရှိပါသည်။ လမ်းပန်းဆက်သွယ် ရေးကဏ္ဍ (လမ်းများ၊ တံတားများ၊ သင်္ဘောဆိပ်ခံများ စသည် ) တည်ဆောက်မှုများသည် စုစုပေါင်း ၅၆% အထိ တိုးတက်မြင့်မားလာပါသည်။ (စီမံကိန်းရာသီစက်ဝန်းပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်တို့တွင် ၅၀%၊ ၄၅% နှင့် ၃၅% အထိ အသီးသီးတိုးတက်လျက်ရှိသည်။) ၎င်း၏နောက်တွင် ရေရရှိရေးနှင့် ရေ၊ မိလ္လာ၊ အမှိုက်သန့်ရှင်းရေး (၁၄%)၊ ပညာရေး (၁၃%) နှင့် လျှပ်စစ်ဓာတ်အားသွယ်တန်း ဖြန့်ဖြူးမှုက (၆%) ဖွံ့ဖြိုးတိုးတက်လာပါသည်။

၄။ ချေးငွေထုတ်ပေးမှု: စက်တင်ဘာလ ၉ ရက်နေ့အထိထုတ်ပေးပြီးသောချေးငွေမှာ စတုတ္ထနှစ်စီမံကိန်းစက်ဝန်း၊ စီမံကိန်းမြို့နယ်ပေါင်း (၄၇) မြို့နယ်အတွက်ခွဲတမ်း (ကျပ်သန်းထောင်ပေါင်း ၆၇.၉၃၀) ၏ (၉၉%) ဖြစ်သည့် (ကျပ်သန်းထောင်ပေါင်း ၆၇.၃၈) ဖြစ်ပါသည်။

၅။ **စီမံကိန်းမြို့နယ်များမှ တင်ပြလာသည့် အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက် များ**:

အသေးစိတ် အချက်အလက်များအား အချပ်ပို (၁) တွင် မြို့နယ်များအလိုက်ခွဲခြား တင်ပြထားပါသည်။ သို့သော် သုံးလပတ်အစီရင်ခံစာတွင် မြို့နယ်နှစ်မြို့နယ်နှင့် အထက်ပါဝင် ပါသည်-

- အထူးသဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုနှင့် ရေရရှိရေး စီမံကိန်းခွဲတို့တွင် TF များ၏လုပ်ငန်းခွင်အတွေ့အကြုံ မရှိခြင်းတို့ကြောင့် အသေးစိတ်ဒီဇိုင်းများ ရေးဆွဲရာတွင် မပြီးပြတ်ဘဲဖြစ်နေခြင်း /သတ်မှတ်ချိန်ထက်နောက်ကျနေခြင်း) ၇ မြို့နယ်တွင်(
- အထူးသဖြင့် တောင်တန်းဒေသများအတွက်) 125 cc) မော်တော်ဆိုင်ကယ်အစီးရေ ပိုမိုများပြားစွာ ပံ့ပိုးပေးရန်လိုအပ်ခြင်း)၂ မြို့နယ်(
- မော်တော်ဆိုင်ကယ်များအားပြုပြင်ရာတွင် ဒေသတွင်းပံ့ပိုးပေးမှုအားနည်းခြင်းနှင့် ဆိုင်ကယ်အပိုပစ္စည်းမရှိမှု) ၆ မြို့နယ်
- အထူးသဖြင့် Samsung အမျိုးအစား မိတ္တူကူးစက်များအားပြုပြင်ရာတွင် ဒေသတွင်းပံ့ပိုးမှုနည်းပါးခြင်းအပိုပစ္စည်း ဝယ်ယူရန် ခက်ခဲ ရှားပါးခြင်း) ၈ မြို့နယ်(
- Union သို့ပေးပို့ထားသော စက်ပစ္စည်းစသည်တို့အား ပြုပြင်ရန်အစီရင်ခံ တင်ပြသည့် စာရင်းဇယားများတွင် ဖြစ်နိုင်ခြေရှိသော သောအချိန်ကန့်သတ်ချက် မပါရှိခြင်း) ၉ မြို့နယ်(
- **လူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု** ) : VDP အစည်းအဝေးပွဲများအား တက်ရောက်လာမှုမှ ခန့်မှန်းတွက်ဆမှု ( စတုတ္ထနှစ်စီမံကိန်းရာသီစက်ဝန်းတွင် လူထုမှ ပူးပေါင်းပါဝင်မှုမှာယေဘုယျအားဖြင့် ၆၀ %ရှိပါသည်ဟု တင်ပြထားသော် လည်း မိသားစုစားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်နေရခြင်းကြောင့်၊ အလှမ်းဝေးသော ကြောင့်၊ ပဋိပက္ခများ /စစ်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် စသည် စသည်တို့ကြောင့် ကျေးရွာလူထုအစည်းအဝေးပွဲများနှင့် Social Audit များတွင် လူထုမှ တက်ရောက် / ပါဝင်မှု အားနည်းနေသေးကြောင်း အချို့သောမြို့နယ်များမှ အစီရင်ခံတင်ပြ လာခြင်းများလည်း ရှိပါသည်။). ၁၁ မြို့နယ်(
- **ကော်မတီဆိုင်ရာအခက်အခဲ/ပြဿနာများ** :လူထုမှပူးပေါင်းပါဝင်ဆောင်ရွက်မှုများ အားနည်းခြင်း၊ သင်တန်းများတွင် သက်ဆိုင်ရာ TF များ၏ လမ်းညွှန်ပို့ချချက် များအား မလိုက်နာခြင်း၊ ဝယ်ယူရေးဆိုင်ရာ ညွှန်ကြားချက်များအတိုင်း မဆောင်ရွက်ကြခြင်း၊

စည်းလုံးညီညွတ်မှုအားနည်းခြင်း၊ သက်ဆိုင်ရာတာဝန်များ အားပူးပေါင်းဆောင်ရွက်မှုများ အားနည်းနေခြင်းတို့ ရှိကြသည်) ၇ မြို့နယ် (။

- ပဋိပက္ခဖြစ်ပွားမှုများ၏အကျိုးဆက်ဖြစ်သည့် တားဆီးကန့်သတ်မှုများကြောင့် စီမံကိန်းဝန်ထမ်းများ၏ သွားလာလှုပ်ရှား လုပ်ကိုင်ရာတွင် နှောင့်နှေးမှုများ၊ အခက်အခဲများ စသည်တို့ ရှိခဲ့ရသည်။ ( ၇ မြို့နယ်(
- **ဝန်ထမ်းအင်အား /ခန့်ထားမှု /ဖွဲ့စည်းပုံ စသည့် အခက်အခဲများ** : Counterpart များမရှိခြင်း၊ TTA အများအပြား အလုပ်မှ နှုတ်ထွက်သွားကြပြီး ပြန်လည်အစားထိုးဝင်ရောက်မှုနှုန်းထားနည်းပါး၍ မမျှတခြင်းကြောင့် လုံလောက်သော TTA အရေအတွက်မရှိခြင်း) ၇ မြို့နယ်(
- ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ကုန်ကြမ်းများ ဈေးနှုန်းကြီးမားစွာဖြင့် ဝယ်ယူရခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေစဉ် ပြတ်လပ်သွားတတ်ခြင်း, အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသောနေရာများနှင့် အလွန်ဝေးလံသောဒေသများတွင် လုပ်ငန်းကျွမ်းကျင်သောအလုပ်သမား/ ဝန်ထမ်းများရှားပါးခြင်း၊ ယာဉ်ယန္တယားများ / စက်ကြီးများ ရှာဖွေငှားရမ်းရန်ခက်ခဲခြင်း၊ (၇ မြို့နယ်(
- မိုးရွာသွန်းမှုနှင့် ရေကြီး /ရေလျှံမှုတို့ကြောင့် ဆောက်လုပ်ရေးစီမံကိန်းများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခြင်း) ၆ မြို့နယ်(
- စီမံကိန်းပထမနှစ်နှင့် ဒုတိယနှစ်ရာသီစက်ဝန်းတို့တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးသည့်အချိန်အထိ အခြေခံအဆောက်အအုံများတည်ဆောက်ရေးလုပ်ငန်းမဟုတ်သည့် အခြားကဏ္ဍတို့အားလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားခြင်း /ဂရုပြုမိခြင်းတို့ မရှိခြင်း) ၂ မြို့နယ်(
- ဒေသခံအမျိုးသားများအနေဖြင့် စီမံကိန်းဆိုင်ရာသင်တန်းများတွင်ရော ဆွေးနွေးညှိနှိုင်းပွဲများတွင်ပါ အားတက်သရောပါဝင်မှု မရှိခြင်း) ၃ မြို့နယ်(
- အင်တာနက်) လိုင်း (သုံးမရခြင်း /ကော်နက်ရှင်အလွန်နှေးကွေးခြင်း) ၂ မြို့နယ်(
- ပဉ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် တိုးမြှင့်ဆောင်ရွက်ရမည့် အချက်များ

၆။ စီမံကိန်းမြို့နယ်အများအပြားတွင် ပဉ္စမနှစ်စီမံကိန်းစက်ဝန်းအား စက်တင်ဘာလလယ် MSR ပြီးသည်နှင့်တစ်ပြိုင်နက် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ချေးငွေတောင်းခံခြင်းရော ToF 1 ပါ အပြီးဆောင်ရွက်ပြီးဖြစ်သည်။ ToF 1 နှင့် 2 တို့နှင့်အတူ ချေးငွေတောင်းခံခြင်းတို့အား အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်

ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် စီမံကိန်းမြို့နယ်ဆောင်ရွက်နေဆဲဖြစ်သော မြို့နယ် (၄၅) မြို့နယ်အနေဖြင့် နိုဝင်ဘာလကုန်တွင် ToF2 ဆောင်ရွက်ပြီးစီးပြီး ဖြစ်နေရမည်။

၇။ စီမံကိန်းမြို့နယ်အသစ်တို့မှ စီမံကိန်းဝန်ထမ်းများ၏ အရည်အချင်းမြှင့်တင်ပေးရေးနှင့် VDPs ဆောင်ရွက်ပုံတို့အား ပြသလမ်းညွှန်ပေးရန်အတွက် NCDDP စီမံကိန်းများစတင် ဆောင်ရွက်ခဲ့သောမြို့နယ်များမှ facilitator များမှ ထပ်မံသွားရောက်ပံ့ပိုးပေး ကြမည် ဖြစ်သည်။ PRA tools အား VDP guide တွင်ထည့်သွင်းရေးသားမည်ဖြစ်သည်။e facilitator များနှင့် ဒေသခံများအနေဖြင့် စီမံကိန်းဒုတိယနှစ်အထိ PRA tools များအားကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်မထားနိုင်ပါ ။

၈။ မတ်လမတိုင်မီတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ဆဲမြို့နယ် (၄၅) မြို့နယ်အတွက် တောင်းခံထားသောချေးငွေ၏ (၂၀)% သာရရှိသေးသောကြောင့် ငွေထုတ်ပေးရေး အတည်ပြုချက်ရရှိရန်အတွက် အမြန်ညှိနှိုင်းဆောင်ရွက်ရမည်။ ဒီဇင်ဘာလမကုန်မီ ချေးငွေရရှိထားမှသာ အဓိကလုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများအား သင်္ကြန်မတိုင်မီ အပြီးသတ်ဆောက်လုပ်ထားနိုင်ကြမည်ဖြစ်သည်။ ဤသို့စောစီးစွာ စတင်ဆောင်ရွက် ထားနိုင်ပါက စီမံကိန်းခွဲများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မတ်လကုန်အထိ စောင့်ဆိုင်းရန် မလိုတော့ပဲ စတင်နိုင်မည်ဖြစ်ပါသည်။

**ဝယ်ယူရေး**

၉။ စီမံကိန်းမြို့နယ်အသစ် (၂၀) မြို့နယ်နှင့် ပြည်နယ်နှင့်တိုင်း (၁၅) ခုတို့အား စီမံကိန်းလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးအတွက် အရေးကြီးသောကန်ထရိုက်စာချုပ်များ ချုပ်ဆိုရန် လိုအပ်သည်ကို လွန်ခဲ့သည့် (၂၀၁၆) ခုနှစ် သုံးလပတ်တွင်သိရှိခဲ့သည်။ (၂၀၁၇) ခုနှစ် ပထမနှင့်ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည်။ တတိယသုံးလပတ်တွင် ရွှေ့ပြောင်းခဲ့သော စာရင်ဇယားများ အထူးသဖြင့် ဂိုဒေါင်တွင်မှတ်တမ်းပြုစု သိမ်းဆည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများအားမှတ်တမ်းတင်ခြင်းတို့သည် ဝယ်ယူရေးဌာန၏တာဝန်များ ဖြစ်သည်။ မော်တော်ဆိုင်ကယ်အားလုံး (၁၅၇၅) စီး၏ နံပတ်ပြားမှတ်ပုံတင်ခြင်းအပါအဝင် ပစ္စည်းအမျိုးအမည်တစ်ခုစီ၊ မြို့နယ်တစ်မြို့နယ်စီခွဲခြားပြီး မှတ်တမ်းပြုစုသည်။

၁၀။ ဝယ်ယူရေးရာသီစက်ဝန်းစတင်ခဲ့သည့်အချိန်ကိုရည်ညွှန်းသောရန်ဝယ်ယူရေးဌာန၏ ပြုမူဆောင်ရွက်ချက်အားလုံး သို့မဟုတ် တတိယသုံးလပတ်အတွင်း စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ

ပြဿနာရပ်များကို အနည်းဆုံးဖြစ်အောင်လျှော့ချရန်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ နှစ်ဦးပိုင်း စတုတ္ထသုံးလပတ်တွင် စီမံကိန်းမြို့နယ်အသစ်ရုံးများအတွက် လိုအပ်သောပစ္စည်း ပစ္စယများ ဝယ်ယူခြင်း လုပ်ငန်းစက်ဝန်းအား စတင်ဆောင်ရွက်ရန်ခဲယဉ်းပေလိမ့်မည်။ ဤသို့မဟုတ်ပါက TTA Consultant များအနေဖြင့် ဤဝယ်ယူရေးနယ်ပယ်အား အဆင်ပြေစွာလုပ်ဆောင်နိုင်ရန် အသင့်ဖြစ်မည့် ပိုမိုနောက်ကျသည့်အခါမှသာ ပစ္စည်းများဖြန့်ဖြူးပေးနိုင်လိမ့်မည်။

၁၁။ စီမံကိန်းမြို့နယ် (၁၆) မြို့နယ်တွင် TTA စာချုပ်ချုပ်ဆိုရေးမူဝါဒ အတွက် TORs အပေါ်တွင်အပြီးသတ်အဘောတူညီမှုချမှတ်ရန်နှောင့်နှေးခဲ့သည်။ ဒုတိယသုံးလပတ်အပြီး ဝယ်ယူရေးအစီအစဉ် ၈ အား သတ်မှတ်ပေးခဲ့သည်။ ဝယ်ယူရေးအကြီးတန်း ဝန်ထမ်းနှစ်ဦး နိုဝင်ဘာလတွင် နှစ်ပတ်ကြာသင်တန်းတက်ရောက်နေကြ၍ နှောင့်နှေးမှုဖြစ်ခဲ့ရယည်။

၁၂။ ဤအပြီးသတ်အဆင့်မြှင့်တင်ရေးအတွက် TTA စာချုပ်များချုပ်ဆိုခြင်းပြင်ဆင်ဆောင်ရွက်မှုကို ဝယ်ယူရေး၏အဓိကလုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သည်။ ဘဏ်၏တောင်းဆိုမှုတွင် စီမံကိန်းမြို့နယ်များ၏ဝယ်ယူရေး/အဖွဲ့ဖွဲ့စည်းရေး နှင့် သက်ဆိုင်ရာ အကြံပြုချက်များ ကန်ထရိုက်မူဝါဒများအားပြင်ဆင်ပြီးဖြစ်သည်။ ဘဏ်၏အကြံပြုတိုက်တွန်းချက်အတိုင်း ပြန်လည်စစ်ဆေးသုံးသပ်ကာ ပြန်လည်ရေးသားပြုစုထားခဲ့သည်။ သို့သော် ဤသုံးလပတ်အကုန်တွင် တရားဝင်မသတ်မှတ်နိုင်၍ စတုတ္ထသုံးလပတ်သို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၁၃။ **ကုန်ပစ္စည်းများဝယ်ယူခြင်း** : Communication ဆိုင်ရာပစ္စည်းပစ္စယများဝယ်ယူရန် ကျန်ရှိနေမှုအပေါ်တွင် အလေးပေးပြီး PP 7 တွင်ကျန်ရှိနေသည်ကိုရှင်းလင်းစွာ နားလည်သိရှိရန်မှာ ဤသုံးလပတ်ကာလအတွက် ဦးစားပေးလုပ်ငန်းပင်ဖြစ်သည်။ အထူးသတ်မှတ်ထားသောခြွင်းချက်အနေဖြင့် မိုးကာအကျီင်၊ ကျောပိုးအိတ်အစရှိသည့် PP7 ရှိ ပစ္စည်းအများစုအား ဤသုံးလပတ်အကုန်တွင် ဖြန့်ဖြူးဝေငှပေးထားရမည်ဟု အောက်ပါဇယားတွင် ဖော်ပြထားသည်။ ဝယ်ယူရေးဝန်ထမ်းများအနေဖြင့် အဆိုပါကိစ္စရပ်များ အောင်မြင်ချောမွေ့စွာဆောင်ရွက်နိုင်ရန် Communications Department ကိုကူညီဆောင်ရွက်ပေးရမည်။၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဝယ်ယူရေးဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း လေလံစနစ်ဖြင့်မှာယူရန် အချိန်မမီတော့သဖြင့် မိုးရာသီကုန်မှ မိုးကာအကျီများ မှာယူနိုင်ခဲ့သည်။

၁၄။ နိုင်ငံတော်မှချမှတ်ပေးထားသည့်မူဝါဒနှင့်အညီဖြစ်သည့် FY 2016 ၏ ငွေကြေးသုံးစွဲခွင့် အများဆုံးနှုန်းထားအားမကျော်လွန်သည့် Infrastructure Specialists (၄၅) ဦး

ရှာဖွေခန့်ထားရန်အတွက် IC စတင်ဆောင်ရွက်ခြင်း။ ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို (၄၃၂) အရည်အသွေးဖော်ပြချက်များဖြင့် စိတ်ချရမှုအား စစ်ဆေးအကဲဖြတ်ရမည်။ တတိယ သုံးလပတ်အပြီးတွင် ပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့ပါ။

## ပဉ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် တိုးမြှင့်ဆောင်ရွက်ရမည့် အချက်များ

၁၅။ DRD ၏စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုနည်းလမ်းဖြင့် NCDDP စီမံကိန်း အတွက် ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ခြင်း ဘဏ္ဍာမှခွင့်ပြုချက်တောင်းခံရေးအနေဖြင့်၎င်း၊ သဘောတူညီထားသည့် ပစ္စည်းအမြောက်အမြားဝယ်ယူရေးနှင့် အမျိုးအစား တူရာခွဲဝေခြင်း၊ TTA များခန့်ထားခြင်းစာချုပ်များ ထပ်မံတိုးချဲ့ချုပ်ဆိုခြင်း၊ စသည်တို့အတွက် အပြီးသတ် NOL မရရှိမီ အပြောင်းအလဲအချို့အား PP 8 ဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ပါလိမ့်မည်။

၁၆။ လွန်ခဲ့သောသုံးလပတ်မကုန်မီ စာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်းလုပ်ငန်းများအား လုပ်ကိုင်ခွင့်အမိန့်ချမှတ်ပြီးစီးသည့်အခါတွင် ကျောပိုးအိတ်၊ မိုးကာအင်္ကျီစသည့် Communication ဆိုင်ရာပစ္စည်းများအား အောက်တိုဘာ/ နိုဝင်ဘာလအတွင်း အပြီးသတ်ဖြန့်ဖြူးပေး နိုင်လိမ့်မည်။

၁၆။ စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်အတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်း များနှင့် ပရိဘောဂများအား ဒီဇင်ဘာလ မကုန်မီ ခွဲဝေဖြန့်ဖြူးပေးနိုင်ပါလိမ့်မည်။

၁၇။ စီမံကိန်းလုပ်ငန်းအတွက်ဝယ်ယူရေး (ပြီးစီးအောင် စောင့်ဆိုင်းနေဆဲ)

၁၈။ TA နှင့် IC ဝန်ဆောင်ဖြည့်စွမ်းပေးမှုတို့အတွက်ဝယ်ယူရေး : ပဋိပက္ခဖြစ်ပွားလျက် ရှိသည့်နယ်မြေအတွင်းတည်ရှိနေသော စီမံကိန်းမြို့နယ် (၂) မြို့နယ်မှ NOL ရရှိပြီးသည့်အခါ (စီမံကိန်းမြို့နယ် (၁၄) မြို့နယ်အတွက်မှာမူ အတည်ပြုပြီးဖြစ်သည်။) နှင့် DRD ၏ TTA ကန်ထရိုက်တာများ တောင်းဆိုကမ်းလှမ်းအဆိုပြုချက်များ ရရှိသည့်အခါတွင် မည်သည့် အမျိုးအစား၊ အဖွဲ့အစည်းများအား ဆက်လက်ဆောင်ရွက်စေမည်/ မည်သည့် TTA ကန်ထရိုက်တာများအား ဆက်လက်စာချုပ်ချုပ်ဆိုမည် စသည်ဖြင့် ဆုံးဖြတ်ပေးနိုင် ပါလိမ့်မည်။

၁၉။ TTA အဖွဲ့များအားဆက်လက်ထားရှိရေးအတွက်အဆိုပြုကမ်းလှမ်းချက်ကို အကဲဖြတ် စစ်ဆေးဦးမည်ဖြစ်ပြီး ကန်ထရိုက်စာချုပ်များကိုမူ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။ (နိုဝင်ဘာလ/ ဒီဇင်ဘာလ)။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် လုပ်ငန်းစတင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းရသည်။.

၂၀။ ထပ်မံမချုပ်ဆိုတော့သည့် TTA ကန်ထရိုက်များ ကျန်ရှိနေသေးသည့် အဖွဲ့များအတွက် REIO အငြင်းပွားဖွယ်ပြဿနာဖြစ်လာမည်။ (နိုဝင်ဘာလ/ ဒီဇင်ဘာလ). ၎င်းတို့၏ နောက်ဆက်တွဲတုံ့ပြန်မှုများအား ဗယားအကျဉ်းချုပ်ရေးဆွဲပြုစုပြီး အဆိုပြုကမ်းလှမ်းချက် များကို အကဲဖြတ်စစ်ဆေးရမည်။

## တတ်မြောက်ကျွမ်းကျင်ရေးနှင့် လေ့လာသင်ယူရေး

၂၁။ စက်တင်ဘာလ (၂၁-၂၂) နေ့တွင် Union MSR အား ကျင်းပပြုလုပ်ပြီးစီးခဲ့ပါသည်။ ရရှိလာခဲ့သည့် ရလဒ်များအကြောင်း တင်ပြဆွေးနွေးချက်အပြည့်အစုံအား နောက်ဆက်တွဲ အချပ်ပို (၁) တွင် ဖော်ပြထားပါသည်။ အဆိုပါရလဒ်များအနက်မှ OM အားပြောင်းလဲပြုစု ရေးသားနိုင်မည့် အချက်အလက်များကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။

၂၂။ ဤသုံးလပတ်အကုန်တွင် Social Audits (၆,၆၉၃) သို့မဟုတ် စတုတ္ထမြောက်စီ မံကိန်းစက်ဝန်းလျာထားချက် Social Audits ၏ ၈၇% ဆောင်ရွက်ပြီးစီးခဲ့သည့်အပြင် စီမံကိန်းမြို့နယ် (၄၅) မြို့နယ်တွင် TMSRs လည်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ နောက်သုံးလပတ်အကုန်တွင် ပြုလုပ်ရန်ကျန်ရှိနေသေးသည့် နမ့်ဆန်၊ မတူပီနှင့် ဆီဆိုင်မြို့နယ်များတွင် Social Audit များနှင့် TMSRs တို့လည်း ပြုလုပ်ပြီးဖြစ်ပါလိမ့်မည်။

၂၃။ **စီမံကိန်းမြို့နယ်များဖလှယ်၍ လေ့လာမှုခရီးစဉ်များ** : CF/TF တို့အား မြို့နယ်ချင်းဖလှယ်၍လေ့လာစေသည့် ခရီးများစေလွှတ်ခြင်းဖြင့် ကုန်ကျမည့် ကုန်ကျစရိတ်နှင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးတို့အား ပြန်လည်သုံးသပ် ဆန်းစစ်ရန် လိုအပ်ပါသဖြင့် DG ၏ အကြံပြုချက်ကြောင့် ဤခရီးစဉ်များအား ဤနှစ်တွင်ပယ်ဖျက်ထားခဲ့ပါသည်။

၂၄။ ရလဒ်များအား ဆန်းစစ်သုံးသပ်ခြင်း : ရရှိထွက်ပေါ်လာသည့် ရလဒ်များအား ဗယား - ၄ နှင့် Union အဆင့် GIS (Geographic Information System) ဒေတာများတွင် ထည့်သွင်းဖော်ပြထားပါသည်။

## အကြံပြုတိုင်ကြားချက်များအားဖြေရှင်းဆောင်ရွက်ပေးခြင်း

၂၅။ တတိယသုံးလပတ်အတွင်း လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်စာအားလုံး ပေါင်း၏ (၂%) သည် ဥပဒေကို ချိုးဖောက်မှု၊ ရံပုံငွေအလွဲသုံးစားပြုမှုစသည့် ပြင်းထန်သော

ပြစ်မှုများဖြစ်ကြပြီး ၃၀/၉/၂၀၁၇ တွင် ယင်းတို့အနက်မှ (၈၃%) အားကိုင်တွယ်ဖြေရှင်းခဲ့ပြီးဖြစ်သည်။ (ဇယား - ၆).

၂၆။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအထိ လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာပေါင်း (၁၁,၆၂၇) ရှိခဲ့ပြီး ယင်းတို့အနက်မှ (၁၁,၆၁၂ ) စောင်၊ (၉၉.၉%) အား ကိုင်တွယ်ဖြေရှင်းခဲ့ပြီးဖြစ်သည်။ (ဇယား - ၆).

၂၇။ ကျေးရွာအဆင့်နှင့် ကျေးရွာအုပ်စုအဆင့်အတွက် အကြံပြုတိုင်ကြားစာပေါင်း ၄၁၁ (၂၂%) ၊ မြို့နယ်အဆင့်တွင် ၁,၁၇၇ (၆၃%) နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် Union အဆင့်အတွက် အကြံပြုတိုင်ကြားစာ ၂၈၈ (၁၅%) စောင်၊ လက်ခံရရှိခဲ့ပါသည်။

၂၈။ အကြံပြုတိုင်ကြားစာ ၈၈၂ (၄၇%) သည် အမျိုးသားများမှ အကြံပြုတိုင်ကြား ခြင်းဖြစ်ပြီး ၄၇၁ (၂၅%) မှာမူ အမျိုးသမီးများမှ အကြံပြုတိုင်ကြားကြခြင်းဖြစ်ကာ ၅၂၃ (၂၈%) သော တိုင်ကြားသူများကိုမူ အမျိုးသမီး/ အမျိုးသား မသိခဲ့ရပါ။

၂၉။ အကြံပြုတိုင်ကြားစာ ၁,၇၆၀ စောင်၊ (၉၄%) အား အကြံပြုတိုင်ကြားစာထည့်ရန် ပုံးမှတစ်ဆင့်လက်ခံရရှိခဲ့ပြီး ၊ ၂၉ စောင်၊ (၁.၅%) မှာ လူကိုယ်တိုင်လာရောက်အကြံပြုစာ ပေးပို့ခဲ့ခြင်းဖြစ်ကာ ၃၈ စောင်၊ (၂%) မှာ တယ်လီဖုန်းမှတစ်ဆင့် အကြံပြုတိုင်ကြားခဲ့ခြင်းဖြစ်သည်။ ၄၇ စောင်၊ (၂.၅%) မှာမူ လူထုအစည်းအဝေးပွဲများတွင် အကြံပြုခဲ့ရာမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။

၃၀။ PC 11 ပုံစံသည် အကြံပြုတိုင်ကြားစာများအား အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် ပိုမိုအသေးစိတ်/ တိကျစွာခွဲခြားပေးနိုင်ရန် အသုံးပြုသောပုံစံဖြစ်ပါသည်။

**ပဥ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် တိုးမြှင့်ဆောင်ရွက်ရမည့် အချက်များ**

၃၁။ အောက်ပါအချက်များ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) GHM အရေးယူဆောင်ရွက်မှုအစီအစဉ်အား တင်ပြရန်

(ခ) WB ၏ GHM အားစစ်ဆေးသုံးသပ်မှု မူကြမ်းအပေါ်တွင် ထင်မြင်သုံးသပ်ချက် အစီရင်ခံ စာကို တင်ပြရန်၊

(ဂ) အောက်တိုဘာလတွင် စီမံကိန်းမြို့နယ်အဟောင်း (၄၇) မြို့နယ်၌ မွမ်းမံသင်တန်းများပေးရန်၊

(ဃ) အဆင့်မြင့် DRD Counterpart တစ်ယောက် ခန့်ထားရန်လိုအပ်နေမြဲဖြစ်သည်။

( င) မွမ်းမံသင်တန်း ပို့ချရန် (နိုဝင်ဘာလ)

**ဘဏ္ဍာရေး**

၃၂။ စာရင်းစစ်သို့ တင်ပြရသည့် ဘဏ္ဍာရေး အခြေအနေဖော်ပြချက်ပုံစံ FY 2016-17 အား တင်ပြပြီးဖြစ်သည့် အပြင် စာရင်းစစ်အရာရှိမှ လက်ခံအတည်ပြုပြီးဖြစ်ပါသည်။

၃၃။ AWPB 2017-18 အား ပြန်လည်စိစစ်ထားသော PP8 မှုနှင့် ကိုက်ညီမှုရှိအောင် ပြန်လည်တိုက်ဆိုင် စစ်ဆေးထားပြီးဖြစ်ပါသည်။ ၎င်းအား NOL တောင်းခံရန်အတွက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် WB သို့ တင်ပြထားပြီးဖြစ်ပါသည်။ ယင်းကာလကုန်ဆုံးသွားသည့်တိုင်အောင် NOL အားစောင့်ဆိုင်းနေဆဲဖြစ်ပါသည်။

၃၄။ အပိုဆောင်း ထပ်ချေးငွေစုစုပေါင်းပမာဏ (ကျပ်သန်းထောင်ပေါင်း ၁၃၈. ၁၃၆) အား ၂၀၁၇ ခုနှစ်၊ ၂၃ ရက်နေ့တွင် MOF သို့ တင်ထားပြီးဖြစ်ပါသည်။ စာရင်းဇယားအား အသေးစိတ်ကြည့်ရှုစစ်ဆေးရန်အတွက် အောက်တွင်ဖော်ပြထား သော ကဏ္ဍအလိုက်သုံးစွဲငွေနှင့် ရံပုံငွေရရှိမှုရင်းမြစ်အား ကြည့်ရှုပါ။

၃၅။ ဤသုံးလပတ်အတွက် ချေးငွေမှာ (ကျပ်သန်းထောင်ပေါင်း ၁.၄၃) ဖြစ်သည်။ အဆိုပါချေးငွေသည် စတုတ္ထနှစ်စီမံကိန်းစက်ဝန်းအတွက် စုစုပေါင်း ၉၉% သို့တိုးမြှင့် ထုတ်ပေးငွေဖြစ်သည်။ စုစုပေါင်း ခွဲဝေချထားငွေ (ကျပ်သန်းထောင်ပေါင်း ၆၈.၄၀၈) ထဲမှ ထုတ်ပေးရန်ကျန်သောငွေမှာ (ကျပ်သန်းထောင်ပေါင်း ၁.၀၃၂) ဖြစ်သည်။

၃၆။ (၃၀/၆/၁၇) စီမံကိန်းကာလပြီးစီးမှုအတွက် IFR အစီရင်ခံစာအား ကမ္ဘာ့ဘဏ်သို့ ဩဂုတ်လ (၁၅) ရက်နေ့တွင် အချိန်ကိုက် ပေးပို့တင်ပြပြီးဖြစ်ပါသည်။ (ဇယား - ၉).

၃၇။ စာရင်းစစ်သို့တင်ပြရမည့် ဘဏ္ဍာရေးအခြေအနေပြဇယား FY 2016-17 အား အသင့်ရေးဆွဲပြင်ဆင်ထားပြီးဖြစ်ပါသည်။

**ငွေကြေးသုံးစွဲမှု**

၃၈။ ဤနှစ်တွင် သုံးစွဲရန်ခွင့်ပြုထားသောငွေ (ကျပ်သန်းထောင်ပေါင်း ၄၁.၇၃၉) ၏ (၈၅%) ဖြစ်သည့် (ကျပ်သန်းထောင်ပေါင်း ၃၅. ၃၂၆) အား သုံးစွဲပြီးဖြစ်ပါသည်။

၃၉။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထပ်မံသုံးစွဲခဲ့သောငွေစုစုပေါင်းမှာ (ကျပ်သန်းထောင်ပေါင်း ၁၆၉.၄၈၃) ဖြစ်ပါသည်။ (ဇယား ၈ တွင်ကြည့်ရှုနိုင်ပါသည်။) ခွဲဝေသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ :

(က) **ကဏ္ဍ ၁) :လူထုသို့တိုက်ရိုက်ထုတ်ချေးငွေ : (** ကျပ်သန်းထောင်ပေါင်း ၁၁၅.၂၂၆) ၆၈(%

(ခ) **ကဏ္ဍ ၂**) :ဖြည့်ဆည်းပံ့ပိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး ( ကျပ်သန်းထောင်ပေါင်း ၂၉.၆၄၇) ၁၇(%

(ဂ) **ကဏ္ဍ ၃**) :တတ်မြောက်ကျွမ်းကျင်ရေးနှင့် လေ့လာသင်ယူရေး : ( ကျပ်သန်းထောင်ပေါင်း ၂.၂၅၅) ၁(%

(ဃ) **ကဏ္ဍ ၄**) :စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးပေးရေး : ( ကျပ်သန်းထောင်ပေါင်း ၂၂.၃၅၆) ၁၃(%

## ဆက်လက်ဆောင်ရွက်ရန်များ

၄၀။ အောက်ပါအချက်အလက်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) OAG မှ မြန်မာဘာသာဖြင့်ရေးသားထားသည့် (FY 2016-17) အတွက် ဘဏ္ဍာရေးဆိုင်ရာစစ်ဆေးမှု အစီရင်ခံစာသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလကုန်တွင် ရေးသားပြီးဖြစ်ပါလိမ့်မည်။

(ခ) WB မှ AWPB 2017/18 ၏ NOL အား အလားအလာရှိသည်ဟု သတ်မှတ်ပါ။

(ဂ) လွန်ခဲ့သောသုံးလပတ်တွင် စတင်ခဲ့သည့် မြို့နယ်တစ်မြို့နယ်ချင်းစီသို့ နှင့် တိုင်းဒေသကြီးရုံးများသို့ ပေးပို့သည့် IFR တင်ပြမှုအပြီး သုံးလပတ်ငွေကြေးခွဲဝေချထားမှုဆိုင်ရာ မှန်ကန်တိကျသော အစီရင်ခံစာများအရ ငွေကြေးခွဲဝေချထားမှုအား ဆက်လက်ဆောင်ရွက်ပါ။

(ဃ) အပိုဆောင်းထပ်ချေးငွေအတွက် တောင်းခံမှုနှင့် ငွေကြေးခွဲဝေချထားမှုအား ပြန်လည်စစ်ဆေးသုံးသပ်ပါ။

( င)   FY 2018-19 ငွေကြေးခွဲဝေချထားမှုအား ပြင်ဆင်ရန် စတင်ပါ။

(စ)   ချေးငွေထပ်မံ ခွဲတမ်းချထားမှုဆိုင်ရာ ပြဿနာ (IDA ချေးငွေ) : DRD အနေဖြင့် ချေးငွေထပ်မံခွဲတမ်းချထားမှုဆိုင်ရာ သဘောတူညီချက်များအား သေချာကျန အတည်ပြု/ သိရှိနိုင်စေရန်အတွက် ကမ္ဘာ့ဘဏ်နှင့် MOPF တို့နှင့် အစည်းအဝေးပြုလုပ်ကျင်းပဆွေးနွေးခဲ့သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် NCDDP စီမံကိန်းအတွက် IDA ချေးငွေရရှိမှုအောက်တွင်ရှိသည့် ချေးငွေထပ်မံခွဲတမ်း ချထားမှု တောင်းခံခြင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် အပြီးသတ်ဆုံးဖြတ် ဆောင်ရွက်မှုတို့အားဆောင်ရွက်မပေးနိုင်ပါ။ ထို့ပြင် DRD အနေဖြင့် ဤအစည်းအဝေး ဆွေးနွေးမှုတွင် မပါဝင်သော ချေးငွေထုတ်ပေးမှုအမျိုးအစား (၂) အတွက် နောက်ထပ် ရပ်စဲလိုက်သည့် လျှောက်လွှာများ တင်မပေးနိုင်ပါ။

## သင်တန်း

၄၁။   Union Training Team မှ ထုတ်ပြန်ထားသည့် စတုတ္ထနှစ်စီမံကိန်းစက်ဝန်း NCDDP မြို့နယ်များအတွက် မြို့နယ်အဆင့် MSR လမ်းညွှန်ချက်များ၊ သင်တန်းပေးခြင်းဆိုင်ရာ ဆောင်ရွက်မှုများရှင်းလင်းချက်

၄၂။ Union Training team အနေဖြင့် CF/TF တွေ့ဆုံဆွေးနွေးပွဲများနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်သူများ၏ တွေ့ဆုံဆွေးနွေးပွဲများအား Union အဆင့်အနေဖြင့် စီစဉ်ဆောင်ရွက်၊ ပံ့ပိုးကျင်းပပေးပါသည်။

၄၃။   မြို့နယ်အဆင့် TOF သင်တန်းများအားလုံး ဖွင့်လှစ်သင်ကြားပေးပြီးဖြစ်ပါသည်။

၄၄။   ကျေးလက်အဆင့် CMT သင်တန်းများအား ဆီဆိုင်မြို့နယ်နှင့် မတူပီမြို့နယ်တို့တွင်၎င်း၊ ကျားမရေးရာသင်တန်းများအား မြို့နယ် (၁၂) မြို့နယ်တွင်၎င်း၊ GHM ဆိုင်ရာသင်တန်းများအား (၆) မြို့နယ်တွင်၎င်း၊ ဝယ်ယူရေးဆပ်ကော်မတီဆိုင်ရာသင်တန်းများအား (၃) မြို့နယ်တွင်၎င်း၊ M&E ဆပ်ကော်မတီဆိုင်ရာသင်တန်းများအား (၄) မြို့နယ်တွင်၎င်း ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။

၄၅။ နောက်လာမည့်စီမံကိန်းစက်ဝန်းတွင် စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်မှ DRD ဝန်ထမ်းများအား စီမံခန့်ခွဲမှုသင်တန်းများပို့ချပေးမည်ဖြစ်ပြီး စီမံကိန်းစက်ဝန်းမတိုင်မီကာလတွင် စီမံကိန်းမြို့နယ်အဆင့် မွမ်းမံသင်တန်းများ ပို့ချပေးမည်ဖြစ်ပါသည်။

## နောက်လာမည့်စီမံကိန်းကာလ

၄၆။ S/R CDD ဦးစီးမှူးများ၊, မြို့နယ်အဆင့် DRD ဦးစီးမှူးများ၊ DRD အဖွဲ့ခေါင်းဆောင်များနှင့် TTA အဖွဲ့ခေါင်းဆောင်များ အား စီမံကိန်းရေးရာစီမံခန့်ခွဲမှုအခြေခံသင်တန်းပေးရန်၊ အဆိုပါသင်တန်းအား အောက်တိုဘာလ (၂၆-၂၇) တွင် နေပြည်တော်၌၎င်း၊ အောက်တိုဘာလ (၃၀-၃၁) တွင် မန္တလေး၌၎င်း၊ နိုဝင်ဘာလ (၇-၈) တွင် ရန်ကုန်၌ ၎င်း သုံးနေရာခွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်သည်။

၄၇။ စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်မှ DRD ဝန်ထမ်းများအား ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် စီမံခန့်ခွဲမှုသင်တန်းများ ပေးမည်ဖြစ်သည်။

၄၈ Training Team အနေဖြင့် တိုင်းဒေသကြီးများ/ ပြည်နယ်များနှင့် မြို့နယ်များတွင် နောက်စီမံကိန်းစက်ဝန်းမတိုင်မီ မွမ်းမံသင်တန်းများပေးနိုင်ရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။.

၄၉။ Training Experts များအနေဖြင့် သင်တန်းလက်ထောက်နည်းပြများအား စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်အတွက် ပံ့ပိုးမှုပေးနိုင်ရန် လက်တွေ့သင်ကြားပြသသော သင်တန်းများ ပေးမည်ဖြစ်သည်။

၅၀။ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်းတွင် စီမံကိန်းမြို့နယ် (၁၆) မြို့နယ်အတွက် စီမံကိန်းလုပ်ငန်းခွင်ဝင်သင်တန်းများအား စတင်ရန်ရှိသည်။

## စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတင်းအချက်များ စီမံခန့်ခွဲခြင်း

၅၁။ OM ၏အခန်း (၃) မှ ပုံစံများအား ပဉ္စမနှစ်ရာသီစက်ဝန်းနှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲရေးဆွဲရန်။

၅၂။ စက်တင်ဘာလ (၃-၄) ရက်များတွင် M&E ကျွမ်းကျင်သူများအဆင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပါ။ OM အတွက် မှတ်ချက်/ အကြံပြုချက်များ စုဆောင်းပါ။ UMSR ဆွေးနွေးပွဲများတွင် တင်ပြဆွေးနွေးရန်။

၅၃။ ဤကာလအတွင်းတွင် function များစွာအသုံးမပြုနိုင်သော DellTablets များအားလုံး၏နေရာ၌ Samsung Tablets များအားအစားထိုးပါရန်။

၅၄။ ဤကာလအတွင်းတွင် GIS အတွင်းရှိ SP များအားလုံးနီးပါး၏ စီမံကိန်းလုပ်ငန်းမဆောင်ရွက်မီက မှတ်တမ်းဓာတ်ပုံများဖြင့် နှိုင်းယှဉ်ဖော်ပြခြင်းအား အပြီးသတ်ဆောင်ရွက်ပါ။ ဆောက်လုပ်ရေးလုပ်ငန်းများ ချည်းသာပါဝင်သော SP (၆၉၉၅) ခု၏ စီမံကိန်းလုပ်ငန်းခွဲအား အပြီးသတ်ဆောင်ရွက်ပြီးစီးမှု ၉၅% နှင့် စီမံကိန်းလုပ်ငန်းခွဲ ဆောင်ရွက်မှုဆိုင်ရာ ဘဏ္ဍာရေးစစ်ဆေးမှု၏ ၉၄.၅% တို့အား ဆောင်ရွက်ပြီးစီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပြုစုပြီးဖြစ်သည်။

၅၅။ လူထုနှင့် ကော်မတီဝင်များအတွက် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအား အလွန်လျင်မြန်စွာ အသေးစိတ်စစ်ဆေး သုံးသပ်နိုင်သည့် လူမှုစစ်ဆေးခြင်းပုံစံ (PC 7) အား ပြည့်စုံစွာ ထည့်သွင်းပြီးဖြစ်သည်။

- GIS အချက်အလက်များတွင် အောက်ပါ ဖော်ပြပါရှိပါသည် -

  (က) ဒေသဆိုင်ရာအချက်အလက်များနှင့် အဓိကအချက်အလက်များအား ဖော်ပြရန်၊

  (ခ) ယခင်နှစ် Union အဆင့် မှ အကျိုးရလဒ်များနှင့် မြို့နယ်အဆင့်အချက် အလက်များ အား ဖော်ပြပါရန်၊

  (ဂ) GIS/MIS တို့ အား UMSR တွင် ပြခန်းဖွင့်လှစ်ပြီး ခင်းကျင်းပြသရန်၊

  (ဃ) UMSR တွင်နှစ်စဉ်အစီရင်ခံစာအား အချိန်မီဖြန့်ဝေနိုင်အောင် အပြီးသတ်ရေးသား ပြုစုရန်။

## ပဉ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် တိုးမြှင့်ဆောင်ရွက်ရမည့် အချက်များ

## အချက်အလက်များ စီမံခန့်ခွဲခြင်း

၅၆။ **ပျက်စီးချို့ယွင်းသွားသော Tablet များ။** မြို့နယ်များမှ စာဒကတက်ခဲ့သော်ငြားလည်း ပြုပြင်ရန်အတွက် Union သို့ပေးပို့ခဲ့သော Tablet များအား ဤသုံးလပတ်အပြီးထိတိုင်အောင် မူလမြို့နယ်သို့ ပြန်မပို့ရသေးပါ။ ပျက်စီးချို့ယွင်းသွားသော Tablet များအားလုံး၏နေရာတွင် Samsung Tablet များအား နောက်သုံးလပတ်အတွင်း အစားထိုးပေးရမည်။

၅၇။ ပဥ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် PC 5 နှင့် PC 9 (အကြံပြုတိုင်ကြားမှု) တို့တွင် တိုးတက်မှုအနည်းငယ် ရှိလာရမည်။ . ကျားမရေးရာဆောင်ရွက်မှု လစဥ်အစီရင်ခံစာ၏နေရာတွင် CF လစဉ်အစီရင်ခံစာအား အစားထိုးရမည်။ PC11 ပုံစံအား ဖျက်ပစ်ရမည်။

၅၈။ စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်မှ လူဦးရေစာရင်းအား တိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှ တစ်ဆင့် ကောက်ခံရယူပြီး ဘဏ္ဍာရေးနှင့် ဝယ်ယူရေးဌာနများသို့ ပေးပို့ရမည်။

GIS

၅၉။ စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်တို့၏တည်နေရာအား အတိအကျဖော်ပြနိုင်ရန် လောင်ဂျီကျု/ လတ္တီကျုတို့ဖြင့် ခန့်မှန်းသတ်မှတ်ရန်။

၆၀။ MIS တစ်ကယ့်အချိန်မှန်နှင့် GIS အချက်အလက်များမှ မကိုက်ညီသည်များအား ဖယ်ရှားပစ်ပါ။ (# SP များအား ဆောင်ရွက်ပြီးစီးမှု စသည် . . . . .).

## အစီရင်ခံတင်ပြခြင်း

၆၁။ သုံးလပတ်အစီရင်ခံစာပေးပို့တင်ပြခြင်း: စီမံကိန်းမြို့နယ် (၃ - ၄) မြို့နယ်ခန့်တို့သည် သုံးလပတ်အစီရင်ခံစာ ပေးပို့တင်ပြမှု နောက်ကျခဲ့သည်။ ထို့အပြင် Union အဆင့် သုံးလပတ်အစီရင်ခံစာအား ပေးပို့တင်ပြရန်နောက်ကျရခြင်း၏ အကြောင်းတစ်ရပ်မှာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနေရခြင်းကြောင့်လည်း ဖြစ်သည်။

၆၂။ Union အဆင့် သုံးလပတ်အစီရင်ခံစာ (ဇူလိုင် - စက်တင်ဘာ) အား နိုဝင်ဘာလလယ်တွင် ပေးပို့တင်ပြရန်။

## ဝန်ထမ်းများဖွဲ့စည်း/ခန့်ထားခြင်းဆိုင်ရာ

၆၃။ TOR နှင့် ဝယ်ယူရေးဆိုင်ရာမှ SQL (national consultant) အချက်အလက်များ ပေးပို့တင်ပြခြင်းသည် MIS ၏စီမံရေးရာ၊ စွမ်းရည်မြှင့်တင်ရေးနှင့် DRD အတွင်း စွမ်းရည်မြင့်မားလာစေရေးတို့အတွက်ဖြစ်သည်။

## ကျားမရေးရာနှင့် လူမှုဆိုင်ရာကန့်သတ်ချက်များ

၆၄။ **သင်တန်း** ။ Union အဆင့် ကျားမရေးရာအဖွဲ့အနေဖြင့် Union Training Team နှင့်ပူးပေါင်းညှိနှိုင်းပြီး အမ်း၊ ဒီမောဆို၊ ကျောက်ကြီး၊ မိုးကောင်း မြို့နယ်များမှ CF များနှင့် TF များအား ကျားမရေးရာမွမ်းမံသင်တန်းများ ပေးခဲ့ပါသည်။ မြို့နယ်တိုင်းရှိ စီမံကိန်းကျေးရွာများနှင့် စီမံကိန်းကျေးရွာအုပ်စုကော်မတီဝင်များအတွက် ကျားမရေးရာသင်တန်း များအား TSTA များမှ ပေးခဲ့ပါသည်။

၆၅။ Mercy Corps နှင့် Cardno တို့မှဦးဆောင်ပြုလုပ်သည့် ကြခင်း၊ သာပေါင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင် ကျေးရွာများရွေးချယ်ပြီး " **အမျိုးသမီးခေါင်းဆောင်များ အတွက် လမ်းစဉ်**" ဟူသောခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြမှုအား လေ့လာခဲ့သည်။

၆၆။ Mercy Corps၊ Cardno၊ WB နှင့် DRD တို့ပေါင်းစပ်ကာ NCDDP စီမံကိန်းအားအခြေပြုလျက် ကျားမရေးရာအယူအဆများ ပြန့်ပွားရှင်သန်ရေးအတွက် လေ့လာဆွေးနွေးခဲ့သည်။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာဒေသများတွင် ကျားမရေးရာ အတွေးအမြင်၊ခံယူချက်၊ ဗဟုသုတများတိုးပွားရှင်သန်ရေးအတွက် Training team ၊ Communication Team တို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် လက်ခံသဘောတူညီခဲ့ကြသည်။

၆၇။ Union MSR တွင်ပြသခဲ့သော ဗီဒီယိုဖိုင်သည် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကောကမာကျေးရွာတွင် အမှန်တစ်ကယ်ဆောင်ရွက်အောင်မြင်ခဲ့မှုအား အခြေခံပြီးရိုက်ကူး ထားခြင်းဖြစ်သည်။

၆၈။ ကျားမရေးရာအဖွဲ့အနေဖြင့် UMSR တွင် " အမျိုးသမီးများစွမ်းဆောင်နိုင်မှ ပြည်သူလူထုစွမ်းဆောင်နိုင်မည်။" ဟူသောခေါင်းစဉ်ဖြင့် ပြခန်းငယ်ဖွင့်လှစ်ခင်းကျင်းပြသခဲ့ ပါသည်။ ထို့အပြင် ကြာအင်းဆိပ်ကြီးနှင့် ချောင်းဆုံမြို့နယ်တို့မှ စီမံကိန်းကော်မတီဝင်များမှလည်း ၎င်းတို့ဆောင်ရွက်ခဲ့သည့် စီမံကိန်းကာလတစ်လျှောက်တွင် ပြောင်းလဲလာမှုနှင့် အတွေ့အကြုံ များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

၆၉။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လက်ထောက်ညွှန်ကြားရေးမှူးချုပ်မှ " NCDDP စီမံကိန်းအတွေ့အကြုံများမှ ရရှိခဲ့သည့် အမျိုးသမီးထုစွမ်းဆောင်မှုနှင့် နိုင်ငံရေးရာများတွင် ပါဝင်ဆောင်ရွက်မှု" ဟူသောခေါင်းစဉ်ဖြင့် နိုင်ငံတော်အမျိုးသမီးရေးရာပါလီမန်တွင် တင်ပြဆွေးနွေးခဲ့ပါသည်။

## ပဉ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် တိုးမြှင့်ဆောင်ရွက်ရမည့် အချက်များ

### ၇၀။ ပြည်ထောင်စု အဆင့်

(က) Union MSR မှရရှိလာသော ရလဒ်များအပေါ်မူတည်ပြီး OM အား ပြန်လည်ပြင်ဆင်ပြုစုရေးသားရန်၊

(ခ) စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်အတွက် ပို့ချပေးသော DRD စီမံခန့်ခွဲမှုသင်တန်းနှင့် စီမံကိန်းလုပ်ငန်းခွင်ဝင် သင်တန်းများတွင် ကျားမရေးရာသိသင့်သည့် အခြေခံမူဝါဒများ၊ ဗဟုသုတများအား ထည့်သွင်းပို့ချပေးရန်၊

(ဂ) ကျားမရေးရာလစဉ်အစီရင်ခံစာအား စောင့်ကြည့်အကဲဖြတ်ပြီး လုပ်ငန်းဆောင်ရွက်မှု၏တိုးတက်မှုများနှင့် လိုအပ်ချက်များအား သုံးလပတ်အစီရင်ခံစာတွင် တင်ပြဆွေးနွေးရန်။

(ဃ) စီမံကိန်းမြို့နယ် (၂၇) မြို့နယ်မှ လမ်းခင်း/ လမ်းဖောက်လုပ်သည့် စီမံကိန်းလုပ်ငန်းခွဲများအား အဓိကထား၍ အစီရင်ခံတင်ပြသော စောင့်ကြည့်စစ်ဆေးမှုညွှန်းကိန်းပြ အစီရင်ခံစာအား ဆက်လက်ရေးသားပြုစုတင်ပြပေးပါ။

(င) မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ISM 14 အတွက်ဆောင်ရွက်ကြရန်သွားရောက်ကြသည့် WB လေ့လာစုံစမ်းရေးအဖွဲ့နှင့် ပူးပေါင်းပါ။

(စ) ခေတ်နှင့်အညီဖြစ်သော ကျားမရေးရာအယူအဆများနှင့် ဆောင်ရွက်ချက်များ၊ လှုပ်ရှားမှုများ အား International Gender Consultant နှင့် WB မှ Sr. Specialist တို့နှင့်အတူပူးပေါင်းပြီးဆက်လက်ဆောင်ရွက်ရန်။

(ဆ) DRD ကျားမရေးရာအဖွဲ့အနေဖြင့် ခေတ်နှင့်အညီဖြစ်သော ကျားမရေးရာအယူအဆများနှင့် ဆောင်ရွက်ချက်များ၊ လှုပ်ရှားမှုများ အား Union အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တို့တွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းများအား သင်တန်းနည်းပြများဖြင့် ပို့ချပေးရန်

( ဇ) ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသောအခက်အခဲများအား စီမံကိန်း၏သုံးလပတ်အစည်းအဝေးတွင် ပြန်လည်မျှဝေတင်ပြပေးရန်

(ဈ) ကျားမရေးရာသုံးလပတ်အစည်းအဝေးပြုလုပ်ကျင်းပပြီး "**တူညီသောလုပ်အားအတွက် တူညီသောလုပ်ခလစာ**" ဆိုသည့်အကြောင်းအရာအား ဥပမာ/ အထောက်အထားများနှင့်တကွ ဆွေးနွေးပါ။

(ည) ကျားမရေးရာလုပ်ငန်းများနှင့် ဆောင်ရွက်ချက်များအား နိုင်ငံတော်အဆင့်အထိ အောင်မြင်မှုရရှိနိုင်ရန် DSW နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပါ။

## ၇၁။ **ပြည်နယ်/ တိုင်းဒေသကြီးအဆင့်**

(က) လစဉ်အစီရင်ခံစာအား Union အဆင့်သို့ မပြတ်တင်ပြနေရန်

(ခ) ကျေးရွာအဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတမြင့်မားကြွယ်ဝလာရေးဆောင်ရွက်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှ အောင်မြင်စွာပြီးမြောက်ခဲ့သော ဖြစ်ရပ်များအားရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေးခရီးစဉ်များအား မြို့နယ်အဆင့် TA/ DRD တို့နှင့် ပူးပေါင်းပြီး မပြတ်သွားလာဆောင်ရွက်ရုံသာမက Union အဆင့်သို့ ပြန်လည်တင်ပြရန်၊

## ၇၂။ **မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် (၄၇) မြို့နယ်အနေဖြင့် ကျားမရေးရာဆောင်ရွက်ချက်အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသို့ ပုံမှန်တင်ပြရန်အပြင် Union အဆင့်သို့ လည်း ရည်ညွှန်းတင်ပြပေးရန်။

(ခ) ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာသင်တန်းများပေးရန် – TA မှ ဦးစီးဆောင်ရွက်ရန်။ CFs များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းပေးရန်။

(ဂ) စီမံကိန်းမြို့နယ်အချို့တို့တွင် CF တို့နှင့်တွေ့ဆုံဆွေးနွေးပြီး ကျားမရေးရာ ဆောင်ရွက်မှုများနှင့်ပတ်သက်သည့် တွေ့ကြုံရသည့် အခက်အခဲများအား လေ့လာရန်၊ မျှဝေရန် နှင့် ပြန်လည်တင်ပြရန်၊

(ဃ) အဆင့်အားလုံးအတွက် နှစ်စဉ်ပို့ချမည့် သင်တန်းအစီအစဉ်အား Union အဆင့်ကျားမရေးရာအဖွဲ့သို့တင်ပြရန်၊

**ဝန်ထမ်းများခန့်ထားဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှု**

၇၃။ တိုင်းဒေသကြီးများနှင့် ပြည်နယ်ရုံးများရှိ ဝန်ထမ်းအချို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ကြသဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်းတွင် ဝန်ထမ်းများဆုံးရှုံးမှုရှိခဲ့ရသည်။ (ဇယားတွင်ကြည့်ရှုနိုင်ပါသည်။)

၇၄။ စီမံကိန်းမြို့နယ်အသစ်ရွေးချယ်ပွဲအား ဇူလိုင်၊ ဩဂုတ်လတွင်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။ စီမံကိန်းမြို့နယ် (၄၃) မြို့နယ်တွင် MSRs ကျင်းပပြုလုပ်ပြီး Union အဆင့် MSR အား စက်တင်ဘာလ (၂၃-၂၄) တွင်ပြုလုပ်ကျင်းပခဲ့သည်။

၇၅။ **ပဥ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် တိုးမြှင့်ဆောင်ရွက်ရမည့် အချက်များ**

(က) MSRs ပြုလုပ်ကျင်းပရန်ကျန်ရှိနေသောမြို့နယ်သုံးခုတွင် ပြုလုပ်ကျင်းပရန် (နမ့်ဆန်၊ ပလက်ဝနှင့် ဆီဆိုင်)

(ခ) မြို့နယ်အသစ် (၁၆) မြို့နယ်တွင် လူမှုရေးရာစည်းရုံးရေးအစည်းအဝေးပွဲများ ပြုလုပ်ကျင်းပရန်၊

(ဂ) S/R CDD ဦးစီးမှူးများ၊, မြို့နယ်အဆင့် DRD ဦးစီးမှူးများ၊ DRD အဖွဲ့ခေါင်းဆောင်များနှင့် TTA အဖွဲ့ခေါင်းဆောင်များ အား စီမံကိန်းရေးရာစီမံခန့်ခွဲမှုအခြေခံသင်တန်းပေးရန်၊ အဆိုပါသင်တန်းအား အောက်တိုဘာလ (၂၆-၂၇) တွင် နေပြည်တော်၌၄င်း၊ အောက်တိုဘာလ (၃၀-၃၁) တွင် မန္တလေး၌၄င်း၊ နိုဝင်ဘာလ (၇-၈) တွင် ရန်ကုန်၌ ၄င်း သုံးနေရာခွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်သည်။

(ဃ) စီမံကိန်းမြို့နယ်အသစ် (၁၆) မြို့နယ်မှ ဝန်ထမ်းများအတွက် DRD NCDDP စီမံရေးရာသင်တန်းအား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်ရန်၊

(င) World Bank ISM 14 အား အောက်တိုဘာလ ၁၈ ရက်မှ ၃၁ ရက်အထိ ပြုလုပ်ကျင်းပရန်။

# အဓိက အစီရင်ခံစာ

၇၆။ ဤပြည်ထောင်စုအဆင့် သုံးလပတ်လုပ်ငန်းတိုးတက်မှုပြ အစီရင်ခံစာသည် ၂၀၁၇ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင်နှင့် စီမံကိန်းလုပ်ငန်းအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည် ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၁၈ခုနှစ်၊ မတ်လအထိ လာမည့် ၉ လအတွက် လုပ်ငန်းအစီအစဉ် တို့၏ အဓိကအချက်များ ပါဝင်ပါသည်။

## ၁။ အကောင်အထည်ဖော်ဆောင်ခြင်း

### ၁.၁။ လုပ်ငန်းတိုးတက်မှု

၇၇။ စီမံကိန်း စတုတ္ထနှစ် ၄၇ မြို့နယ်၏ လုပ်ငန်းတိုးတက်မှု အခြေအနေကို အောက်ပါ ဇယား ၂ နှင့် ၃ ၌ ဖော်ပြထားပါသည်။ စီမံကိန်းကာလအဆုံး၌ ၂,၀၂၂ ကျေးရွာအုပ်စုနှင့် ၈,၅၆၄ ကျေးရွာ စုစုပေါင်းမှ အကောင်အထည်ဖော်ဆောင်ခြင်းတိုးတက်မှုအား အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြနိုင်ပါသည် -

- ရည်မှန်းထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (VDPs) (၈,၂၃၇)ခု မှ (၈,၂၃၇)ခု စလုံးပြီးစီးနိုင်ခဲ့သည်။ (၁၀၀%)
- ရည်မှန်းထားသည့် TPIC အတည်ပြုပြီးသော စီမံကိန်းလုပ်ငန်းခွဲ (၇,၆၈၈)ခု မှ (၇,၆၈၅)ခု ပြီးစီးနိုင်ခဲ့ပါသည်။ (၉၉%)
- စီမံကိန်းလုပ်ငန်းခွဲ (၇,၆၅၃)ခုသည် အသေးစိတ် အစီအစဉ်ရေးဆွဲခြင်းအား ပြီးစီးနိုင်ခဲ့ပါသည်။ (၉၀%)
- စီမံကိန်းလုပ်ငန်းခွဲ (၆,၉၉၅)ခုသည် ဆောက်လုပ်ရေးလုပ်ငန်းအား ပြီးစီးနိုင်ခဲ့ပါသည်။ (၉၁%)
- စီမံကိန်းလုပ်ငန်းခွဲ (၆,၆၅၁)ခုသည် နောက်ဆုံးစစ်ဆေးအကဲဖြတ်ခြင်းအား ပြီးစီးနိုင်ခဲ့ပါသည်။ (၈၆%)
- ရည်မှန်းထားသည့် လူထုဆန်းစစ်ပွဲ (၇,၅၀၆)ခုမှ (၆,၆၉၃)ခု ပြီးစီးနိုင်ခဲ့ပါသည်။ (၈၇%)

၇၈။ မြို့နယ်အသစ် ၂၀ မြို့နယ်သည် ဇွန်လအဆုံး၌ ဆောက်လုပ်ရေးလုပ်ငန်း ၂၁%သာ ပြီးစီးနိုင်ခဲ့သောကြောင့် စက်တင်ဘာလအဆုံး၌ ၈၇% ပြီးစီးနိုင်အောင် သိသိသာသာ လုပ်ဆောင်ခဲ့ပါသည်။ မတူပီမြို့နယ်တွင် ၄၁% နှင့် ဆီဆိုင်မြို့နယ်တွင် ၂၆% သာ လုပ်ငန်းပြီးစီးခြင်းအားဖြင့် ဤမြို့နယ် ၂ ခုသည် လုပ်ငန်းတိုးတက်မှုအနှေးဆုံး ဖြစ်ပါသည်။ မြို့နယ်အသစ် ၂၀ မြို့နယ်မှ ကျန်ရှိနေသော ၁၈ မြို့နယ်သည် ယေဘုယျအားဖြင့် ဤစီမံကိန်း နောက်ဆုံးသုံးလပတ်ကာလအတွင်း မိုးရွာသွန်းခြင်းနှင့်

ရေးကြီးခြင်းတို့သည် ယမန်နှစ် ဤတူညီသောကာလထက် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ရန် အဟန့်အတားများစွာ လျော့နည်းသည်ကို တွေ့ရပါသည်။

### ၁.၂။ ကဏ္ဍအလိုက်ဆောင်ရွက်ခြင်း

၇၉။ ကဏ္ဍအလိုက်ပေးဆောင်ရွက်ခြင်းသည် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း စီမံကိန်းတတိယနှစ် ဆောင်ရွက်ခြင်းနှင့် လုံးဝနီးပါး အတူတူဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေး ၅၆%၊ ရေနှင့်ကျန်းမာသန့်ရှင်းရေး ၁၅%၊ မီးလင်းရေး ၆.၄၃%၊ ကျေးရွာစုရပ်ဆောင် ၄%၊ အခြားအဆောက်အအုံများ(စာကြည့်တိုက်၊ ဈေးများ) ၃%။ ဤအချက်အလက်များကို ကြည့်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ယခင်နှစ်နှင့်နှိုင်းယှဉ်သော် ဆက်တိုက်တိုးတက်လာပြီး ပညာရေးသည် လျော့နည်းသွားသည်ကို တွေ့ရပါသည်။ အဘယ့်ကြောင့်ဤသို့ဖြစ်ရသည့် အကြောင်းပြချက်များကို လာမည့်သုံးလပတ်အစီရင်ခံစာတွင် လေ့လာစူးစမ်းနိုင်ပါလိမ့်မည်။

**ဇယား ၁။ ၃၀/၆/၂၀၁၇ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ဆောင်ရွက်ခြင်း**

| | ပထမနှစ် | | ဒုတိယနှစ် | | တတိယနှစ် | | စတုတထနှစ် | |
|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | % | # | % |
| **သယ်ယူပို့ဆောင်ရေး** | ၁၂၆ | ၃၅.၃၀% | ၇၄၃ | ၄၁.၀၀% | ၂,၃၀၃ | ၅၀.၃၀% | ၄,၂၆၅ | ၅၆% |
| **ရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေး** | ၆၉ | ၁၉.၃၀% | ၄၁၅ | ၂၂.၉၀% | ၉၇၇ | ၂၀.၃၀% | ၁၁၅၄ | ၁၅% |
| **ပညာရေး** | ၁၁၈ | ၃၃.၁၀% | ၄၃၄ | ၂၄.၀၀% | ၉၆၁ | ၁၉.၁၀% | ၁,၀၅၇ | ၁၃% |
| **မီးလင်းရေး** | ၂၆ | ၇.၃၀% | ၁၄၂ | ၇.၈၀% | ၂၀၆ | ၄.၂၀% | ၄၈၅ | ၆% |
| **ရပ်ရွာလူထု အထောက်အပံ့** | ၁၅ | ၄.၂၀% | ၄၉ | ၂.၇၀% | ၁၃၅ | ၂.၀၀% | ၃၉၉ | ၄% |
| **ကျန်းမာရေး** | | | | | ၃၃ | ၀.၀၁၉% | ၃၃ | ၀.၄% |
| **အခြား အဆောက်အအုံများ** | | | | | ၅၅ | ၀% | ၆၅ | ၂% |
| **အခြား** | ၃ | ၀.၈၀% | ၂၉ | ၁.၆၀% | ၆၁ | ၂.၂၀% | ၁၈၄ | ၃% |
| | | | | | | | | |
| **စုစုပေါင်း** | **၃၅၇** | **၁၀၀%** | **၁,၈၁၂** | **၁၀၀%** | **၄,၇၃၁** | **၁၀၀%** | **၇,၆၄၂** | **၁၀၀%** |

## ၁.၃။ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ ပေးဝေခြင်း

၈၀။ စက်တင်ဘာလ ၃၀ရက်နေ့အထိ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ (၆၇.၃၈) ဘီလီယံကျပ်အား ပေးဝေခဲ့ပြီး ထိုပမာဏသည် စတုတ္ထနှစ်၏ စုစုပေါင်းခွဲဝေပေးငွေ (၆၇.၉၃၀) ဘီလီယံကျပ်၏ ၉၉% ရှိပါသည်။ ခွဲဝေပေးရန် ကျန်ရှိနေသေးသော (၅၅၀) မီလီယံကျပ်ငွေသည် မြို့နယ် ၂ မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုအတွက် ဖြစ်ပါသည်။

## ၁.၄။ အကာအကွယ်ပစ္စည်းများ

**(က) အကာအကွယ်ပစ္စည်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တိုးတက်မှု ရေအရည်အသွေးစစ်ဆေးခြင်း**

လုပ်ငန်းလမ်းညွှန် TOR အားရေးဆွဲခဲ့ပြီး ရေအရည်အသွေးစစ်ဆေးခြင်းအား ပြည်ထောင်စု ကျေးလက်/ဦးစီးဌာနနှင့် ပြည်နယ်/တိုင်းဒေသမှ ဝန်ထမ်းများမှ အောက်ပါအတိုင်း စီစဉ်ပေးခဲ့ပါသည်။

(၁) နေပြည်တော်တိုင်းဒေသကြီး၌ ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွဲ ၁၀ခု

(၂) ပဲခူးတိုင်းဒေသကြီး၌ ရေပေးဝေရေးလုပ်ငန်းခွဲ ၁၀ခု

(ခ) **သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် (ESMF) ပြုပြင်မွမ်းမံခြင်း၊ နွားထိုးကြီးမြို့နယ်တွင် ရှေးဟောင်းသုတေသန ရှာဖွေတွေ့ရှိမှု လုပ်ထုံးလုပ်နည်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။**

(၁) အခြေခံအဆောက်အအုံ (Infra) အဖွဲ့မှ အင်္ဂလိပ်ဘာသာ ESMF-2017 အား ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် စတင် ထုတ်ဖော်ပြသခဲ့ပြီး မြန်မာဘာသာအား ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ဖော်ပြသခဲ့ပါသည်။ http://cdd.drdmyanmar.org/mm/documents နှင့် http://cdd.drdmyanmar.org/en/documents တို့တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(၂) နွားထိုးမြို့နယ်၏ ရှေးဟောင်းသုတေသနဆိုင်ရာ ရှာဖွေတွေ့ရှိမှု လုပ်ထုံးလုပ်နည်း ဆောင်ရွက်ခြင်း၏ အသေးစိတ်အစီရင်ခံစာအား ကမ္ဘာ့ဘဏ် Ms Wasittee Udchacone ထံသို့ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်နေ့တွင် ပေးပို့ထားပြီးဖြစ်ပါသည်။

(ဂ) **နေရာပြောင်းရွှေ့ခြင်းဆိုင်ရာ ကိစ္စရပ်များ**

(၁) စေတုတ္တရာရှိကျေးရွာများ၏ နေရာပြောင်းရွှေ့ခြင်းအပေါ် ယနေ့အထိတိုးတက်မှုကို ISM 14 အတွင်း ကမ္ဘာ့ဘဏ်အား မျှဝေအသိပေးခဲ့ပါသည်။

(၂) လယ်ဝေးမြို့နယ်တွင် သစ်တောဦးစီးဌာနမှ သစ်ပုပ်ပင်ကျေးရွာအုပ်စု၊ ဖက်ညံကျေးရွာ အား စီမံကိန်းတည်နေရာ ရွှေ့ပြောင်းပေးရန် ညွှန်ကြားခဲ့ပါသည်။ ထို့ကြောင့် TPIC မှ ကျေးရွာရှိ စီမံကိန်း အစည်းအဝေးများအား ဖျက်သိမ်းရန် ညွှန်ကြားခဲ့ပါသည်။

(ဃ) **အကာအကွယ်ပစ္စည်းများဆိုင်ရာသင်တန်း**

(၁) လူထုစည်းရုံးရေးမှူးနှင့် နည်းပညာစည်းရုံးရေးမှူးများအတွက် ESMF-2017 သင်တန်းကို သြဂုတ်လတွင် ပြုလုပ်ခဲ့ပါသည်။

(၂) PKW သည် လာမည့်သုံးလပတ်တွင် 40k သင်တန်းခွဲဝေပေးခြင်းထဲမှ အကာအကွယ် ပစ္စည်းများဆိုင်ရာသင်တန်းပေးရန် အဆိုပြုထားပါသည်။

(င) **ဂရုပြုရမည့် ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများနှင့် ပြဿနာများ**

(၁) EMP/PCRMP၊ ESMF နှင့် O&M တို့ ခြုံငုံပါဝင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပစ္စည်းများ ထပ်ပေါင်း အသိပညာပေးသင်တန်းသည် မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တွင်သာမက ပြည်နယ်/တိုင်းအဆင့် NCDDP တွင်ပါဝင်သော ဝန်ထမ်းများအတွက်လည်း လိုအပ်ပါသည်။

(၂) ကျေးရွာကော်မတီများသည် ဆောက်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ခြင်း တွင်သာမက အကာအကွယ်ပစ္စည်းများ စောင့်ကြည့်ကြီးကြပ်ရေး တွင်လည်း သင်တန်းများနှင့်ကြီးကြပ်မှုများပိုမိုလိုအပ်ပါသည်။

## (စ) ဆန္ဒအလျောက် ထည့်ဝင်လှူဒါန်းခြင်း

ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းမှုစာရင်းပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ အရေအတွက်ကို ဖော်ပြထားသော ဇယားကို နောက်ဆက်တွဲ-၃ ၌ဖော်ပြထားပါသည်။ စေတုတ္တရာမြို့နယ်တွင် (၂၈%)၊ အမ်းမြို့နယ်တွင် (၂၄%)၊ လေးမျက်နှာမြို့နယ်တွင် (၂၄%) နှင့် ပန်းတောင်းမြို့နယ်တွင် (၂၈%) စသည်ဖြင့် မြေယာထည့်ဝင်လှူဒါန်းမှုပါဝင်သော စုစုပေါင်း စီမံကိန်းလုပ်ငန်းခွဲ အရေအတွက်သည် ၂၀%ကျော်ရှိခဲ့ပါသည်။ မျှော်လင့်ထားသည့်အတိုင်း တိုးချဲ့ထားသော (သို့မဟုတ်) အသစ် ရေနုတ်မြောင်း ဝင်ဆံ့နိုင်ရန် တည်ဆဲ လမ်းအကျယ်အား တိုးချဲ့ခြင်းလုပ်ငန်း ပါဝင်သော ဆောက်လုပ်ရေးလုပ်ငန်းအသစ် (သို့မဟုတ်) ပြန်လည်ပြုပြင်ခြင်း/ အဆင့်တိုးမြှင့်ခြင်း စသည့် လမ်းလုပ်ငန်းများတွင်

ဆန္ဒအလျောက် မြေယာလှူဒါန်းခြင်းများကို အဓိကတွေ့ရှိနိုင်ပါသည်။ အထက်ဖော်ပြပါ မြို့နယ် (၄) မြို့နယ်အနက် ပန်းတောင်းမြို့နယ်သည် စီမံကိန်း ပထမနှစ်စက်ဝန်းတွင်ဖြစ်ပြီး ကျန် ၃ မြို့နယ်မှာ တတိယနှစ်ရောက်ရှိနေပြီကို တွေ့ရှိနိုင်ပါသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ကျေးရွာသားများသည် NCDDP ၏ လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်အပေါ် ယုံကြည်မှုရှိလာသောကြောင့် မြေယာလှူဒါန်းလိုစိတ်အား ထက်သန်တိုးပွားလာစေခြင်း ဖြစ်နိုင်ပါသည်။ သို့သော် စီမံကိန်းပထမနှစ် ပန်းတောင်းမြို့နယ်သည် မြေယာလှူဒါန်းမှု ရာခိုင်နှုန်းမြင့်မားရခြင်းမှာ ဤအကြောင်းအရင်းတစ်ခုတည်းကြောင့် မဖြစ်နိုင်ပါ။ ဤအကြောင်းအရာအား ပိုမို အနုစိတ်သော ခွဲခြမ်းစိတ်ဖြာဆန်းစစ်ချက်အား လာမည့် သုံးလပတ်အစီရင်ခံစာတွင် ဖော်ပြနိုင်မည်ဟု မျှော်လင့်ပါသည်။

**(ဆ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်**

ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီ ကျေးလက်/ဦးစီးဌာနမှ မြို့နယ်အဆင့်တွင် ပြီးစီးပြီးသော EMP အားလုံးအား စစ်ဆေးပါသည်။ စီမံကိန်းစတုတ္ထနှစ်၌ စုစုပေါင်း စီမံကိန်းလုပ်ငန်းခွဲ၏ ၄% ဖြစ်သော EMPs ၃၃၇ခု ရှိသည်ဟု အသေးစိတ်ဒီဇိုင်း နောက်ဆက်တွဲ-၃တွင်ဖော်ပြထားပါသည်။ ဤလုပ်ငန်းတွင် TFs များ၏ အတွေ့အကြုံ အားနည်းသော်လည်း ကျေးလက်/ဦးစီးဌာနသည် နောက်ဆုံး အချက်အလက်များနှင့် မြို့နယ်များ၏ အလုံးစုံအားထုတ်မှုအား နှိုင်းယှဉ်ချက်အားဖြင့် စိတ်ကျေနပ်မှုရှိပါသည်။ သို့ရာတွင် TFsများသည် EMP/PCRMP, ESMF လုပ်ငန်းစဉ်နှင့် နည်းပညာ၊ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၏ယေဘုယျရည်ရွယ်ချက်များနှင့် ပတ်သက်၍ သင်တန်းများ ပိုမိုလိုအပ်ပါသည်။ စွမ်းရည်မြှင့်တင်ခြင်းသည် မြို့နယ်နှင့် ကျေးရွာအဆင့်တို့တွင် အဓိကလိုအပ်သော်လည်း ပြည်နယ်/တိုင်းရှိ NCDDP ဝန်ထမ်းများ တက်ရောက်ပါဝင်မှုကိုလည်း မေ့မထားသင့်ပါ။

## ၁.၅။ မြို့နယ်များအား နည်းပညာအထောက်အပံ့ပေးခြင်း

၈၁။ ပြည်ထောင်စုကျေးလက်ဦးစီးဌာနမှ Infra အကြံပေးအရာရှိ (၃) ဦးသည် ၎င်းတို့တစ်ဦးစီအတွက် သတ်မှတ်ထားသော ဒေသ (၃) ခုအကြား ၎င်းတို့၏အချိန်ကိုခွဲဝေပြီး မြို့နယ်များသို့ ပုံမှန်အထောက်အပံ့နှင့် စောင့်ကြည့်ကြီးကြပ်ရေးကွင်းဆင်းခြင်းတို့အား ပြုလုပ်ပါသည်။ ဤအကြံပေးအရာရှိ (၃)ဦးသည် စီမံကိန်းလုပ်ငန်းများအား (က) ပြည်နယ်/တိုင်းဒေသရှိ Infra အကြံပေးအရာရှိ၏ ကွင်းဆင်းအစီရင်ခံစာ အား သုံးသပ်ခြင်း၊ (ခ) ထိုအကြံပေးအရာရှိတို့အား သင်တန်းများ ထောက်ပံ့ပေးခြင်း နှင့် (ဂ) အထောက်အပံ့လိုအပ်သည်ဟု သတ်မှတ်ထားသော အချို့ စီမံကိန်းလုပ်ငန်းခွဲများသို့ ကွင်းဆင်းမှု ပြုလုပ်ခြင်းအားဖြင့် နည်းပညာအထောက်အပံ့ပေးရပါမည်။

၈၂။ ESMF-2017 လုပ်ငန်းစဉ်အား (စာရွက်စာတမ်းများ ပြုပြင်မွမ်းမံခြင်း/လုပ်ကိုင်ခြင်း၊ ညှိနှိုင်းတိုင်ပင်အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း စသဖြင့်) အပြီးသတ်ရေးဆွဲခြင်း၌ အစွမ်းကုန်ပါဝင်ရခြင်းကြောင့် Infra နှင့် အကာအကွယ်ပစ္စည်းများဆိုင်ရာ အကြံပေးအရာရှိ (၃) ဦးသည် Infra နှင့် အကာအကွယ်ပစ္စည်းများဆိုင်ရာ စစ်ဆေးခြင်းအား ယခင်သုံးလပတ်လောက် မလုပ်ဆောင်နိုင်ခဲ့ပါ။ သို့ပါသော်လည်း စီမံကိန်းလုပ်ငန်းခွဲ ၈၂ ခုအား သွားရောက်ကွင်းဆင်းနိုင်ခဲ့ပြီး ဖြေရှင်းနည်းများ/အကြံပြုချက်များအား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ အသေးစိတ်အား နောက်ဆက်တွဲ-၄ တွင် ဖော်ပြထားပါသည်။

## ၁.၆။ အစီရင်ခံထားသော အထောက်အပံ့လိုအပ်မှုများ

၈၃။ မြို့နယ်တစ်ခုစီမှ တောင်းဆိုတင်ပြထားသော ပြဿနာများနှင့် အထောက်အပံ့များ စာရင်းအပြည့်အစုံအား ၎င်းတို့၏ ယခင်သုံးလပတ်အစီရင်ခံထားသည့်အတိုင်း နောက်ဆက်တွဲ-၂ တွင် ဖော်ပြထားပါသည်။ မြို့နယ်တစ်မြို့နယ်ထက်ပို၍ အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များ အကျဉ်းချုပ်အား အောက်ပါအတိုင်းဖြစ်ပါသည်။

### မြို့နယ် (၂) မြို့နယ်နှင့်အထက်မှ သုံးလပတ်အစီရင်ခံစာတွင် တင်ပြထားသော ပြဿနာများ/ကိစ္စရပ်များ

| | | စိန်ခေါ်မှုများ/ကိစ္စရပ်များ | မြို့နယ် |
|---|---|---|---|
| **၁။** | **ခန့်မှန်းတွက်ချက်မှု/ အသေးစိတ် ဒီဇိုင်းရေးဆွဲခြင်းတို့၏စိန်ခေါ်မှုများ** | | |
| | | ရေပေးဝေရေးစီမံကိန်းလုပ်ငန်းအား ခန့်မှန်းတွက်ချက်ရာတွင် စိန်ခေါ်မှုများ | မတူပီ |
| | | အထူးသဖြင့် မီးလင်းရေး လုပ်ငန်းခွဲများ အတွက် | ကန်ပက်လက် |
| | | TFs များမှ အတွေ့အကြုံမရှိခြင်း | ကြာအင်းဆိပ်ကြီး |
| | | အထူးသဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်း၊ ပင်လည်ဘူးအား အထောက်အပံ့ပေးရန် အကူအညီတောင်းခံရသည်။ | ဗန်းမောက် |
| | | မီးလင်းရေးနှင့်ပတ်သက်၍ ကျွမ်းကျင်မှု/အတွေ့အကြုံ နည်းပါးခြင်း | မြောင် |
| | | TFs များမှ အတွေ့အကြုံမရှိခြင်း | မင်းတုန်း |
| | | လုပ်ငန်းခွဲ အမျိုးအစားများ မျိုးစုံအတွက် ကန့်သတ်ထားသော ရံပုံငွေအတွင်း ခန့်မှန်း | ပျဉ်းမနား |

| | | | |
|---|---|---|---|
| | | တွက်ချက်ရသည်မှာ TFs များအတွက် ခက်ခဲပါသည်။ | |
| ၂။ | **အင်တာနက်လိုင်းမကောင်းခြင်း** | | ကန်ပက်လက်၊ ပလက်ဝ |
| ၃။ | **ကျေးလက်လူထုပူးပေါင်းပါဝင်မှုအားနည်းခြင်း** | | |
| | | ပဋိပက္ခများကြောင့် | နမ့်ဆမ် |
| | | စီးပွားရေး အခြေအနေမကောင်းခြင်းကြောင့် | ကျွန်းစု |
| | | ကောက်ရိတ်သိမ်းချိန်ဖြစ်သောကြောင့် လူထုဆန်းစစ်ပွဲတွင် တက်ရောက်သူနည်းပါးခြင်း | ဘီးလင်း |
| | | O&M တွင် လူထုထည့်ဝင်ခြင်းသည် နည်းပါးခြင်း | ကော့မှူး |
| | | ဝေးလံခြင်း၊ ကျေးရွာပြင်ပရှိ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကောက်ရိတ်သိမ်းချိန်၊ ပွဲတော်ချိန်၊ နာရေးကိစ္စရပ်များကြောင့် | ဖားဆောင်း၊ဘောလခဲ-မယ်စယ့်၊ ပေါက်၊ လွိုင်ကော်-ရှားတော၊ ငါးဇွန်၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ဒီမောဆို |
| | | တတိယနှင့် စတုတ္ထအစည်းအဝေးများတွင် ပူးပေါင်းပါဝင်မှု ၅၀% ရရှိနိုင်ရန် ခက်ခဲခြင်း | ပျော်ဘွယ် |
| | | ကျေးရွာအချင်းချင်း စကားများခြင်း၊ နိုင်ငံရေးပါတီအချင်းချင်း သဘောကွဲခြင်း၊ VT အစည်းအဝေးများအတွက် ကျင်းပရန်နေရာရွေးချယ်ရန် ခက်ခဲခြင်း | ကွမ်းခြံကုန်း |
| ၄။ | **ကျွမ်းကျင်လုပ်သား ရှားပါးမှု** | | |
| | | ပဋိပက္ခများကြောင့် | နမ့်ဆမ် |
| | | ဝေးလံခေါင်ဖျားသောဒေသများ | ပင်လည်ဘူး |
| | | ကြိုးတံတားအတွက် | ဗန်းမောက် |
| | | အခြားမြို့မှ ငှားရမ်းရခြင်း | ဒီမောဆို |
| | | နေ့စဉ်စရိတ်များအား ဒေသပေါက်စျေးနှင့် ညှိနှိုင်းပေးရန် | အမ်း |
| | | ကန်ထရိုက်တာများအား အသုံးပြုရန်လိုအပ်ခြင်း | တနသ်ာရီ |
| ၅။ | **အကာအဝေး/ဝေးလံခေါင်ဖျားခြင်းသည် အကောင်အထည်ဖော်ဆောင်ခြင်းအား နှောင့်နှေးစေခြင်း** | | |
| | | များစွာသောကျေးရွာများအကြား ကြီးမားသည့် အကွာအဝေး | ပလက်ဝ၊ အမ်း၊ မတူပီ၊ ဖားဆောင်း-ဘောလခဲ-မယ်စယ့် |

| | | | |
|---|---|---|---|
| **၆။** | **ပဋိပက္ခ** | | |
| | | စီမံကိန်းပိတ်သိမ်းရန်ခက်ခဲခြင်း | အမ်း |
| | | အုပ်စု ၆ အုပ်စုရှိ ကျေးရွာ ၁၇ ကျေးရွာသို့မဝင်ရောက်နိုင်ခြင်း | ကျောက်ကြီး |
| | | KNU လက်အောက်ရှိ ကျေးရွာအုပ်စု ၁ စုနှင့် မွန်ပြည်သစ်ပါတီလက်အောက်ရှိ ကျေးရွာအုပ်စု ၃ စု သို့မဝင်ရောက်နိုင်ခြင်း | ကြာအင်းဆိပ်ကြီး |
| | | အိန္ဒိယနယ်စပ်အနီးရှိ AA၊ လုပ်ငန်းတိုးတက်မှု နှောင့်နှေးခြင်း၊ CF/TFများ ပြန်လာရခြင်း | ပလက်ဝ |
| | | CFsများ တစ်ဦးတည်း ခရီးသွားရန် မလုံခြုံခြင်း | ဖရူဆို |
| | | မြေမြှုပ်မိုင်းများကြောင့် ရွာသားများ သေဆုံးခြင်း၊ ကျေးရွာ ၆ ရွာသို့ သွားရောက်နိုင်ခြင်းအား ၃ ရက်ဆိုင်းငံ့ထားခြင်း | မိုးကောင်း |
| | | KNPP မှ အချို့ ကျေးရွာအုပ်စုများသို့ သွားရောက်ရန် ခွင့်မပြုသဖြင့် အုပ်စု ၁၈ အုပ်စု၌သာ စီမံကိန်း လုပ်ဆောင်ရခြင်း | ဖားဆောင်း-ဘောလခဲ-မယ်စယ့် |
| | | မော်ချီးကျေးရွာအုပ်စုတွင် တစ်ပတ်လျှင် ၄ ရက်သာ ကွင်းဆင်းသွားရောက်နိုင်ခြင်း | ဖားဆောင်း-ဘောလခဲ-မယ်စယ့် |
| **၇။** | **ဝန်ထမ်းရေးရာ ပြဿနာများ/ကိစ္စရပ်များ** | | |
| | | TFs ၈ ဦးနုတ်ထွက်ခြင်း | ထန်းတပင် |
| | | ဝန်ထမ်းများ မလုံလောက်ခြင်း | ကန်ပက်လက် |
